Myanmar Centre for Responsible Business

PRIME

# သတင်းထုတ်ပြန်ချက်

## နိုင်ငံတကာ စိုက်ပျိုးရေးနှင့် အစားအသောက် စံချိန်စံညွှန်းအဖွဲ့များက "မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးစားသောက်ထွက်ကုန်များအတွက် ဈေးကွက်အသစ်များရရှိရန် ကူညီလိုကြောင်း" ပြောကြား

၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၈ ရက်

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) သည် PRIME Agri ကုမ္ပဏီနှင့်အတူ မြန်မာနိုင်ငံတွင် အဓိကစိုက်ပျိုးရေးထွက်ကုန်များထုတ်လုပ်ခြင်း၊ ရိတ်သိမ်းခြင်းနှင့် အစားအသောက်ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေး စားသောက်ထွက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် တာဝန်ယူမှုရှိသော ကုန်ကြမ်းထုတ်လုပ်ဝယ်ယူသုံးစွဲမှုများ (responsible sourcing) ကို မြှင့်တင်နိုင်ရေး လုပ်ဆောင်နိုင်သည် များကို နိုဝင်ဘာလ ၈ ရက်နှင့် ၉ ရက်နေ့များတွင် ၂ ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ပါသည်။ တာဝန်ယူမှုရှိသော ကုန်ကြမ်းထုတ်လုပ်ဝယ်ယူသုံးစွဲမှုပေါ်တွင် တိုး၍ အာရုံစိုက်မှုရရှိလာသည့် အချက်သည် မြန်မာနိုင်ငံအား ဈေးကွက်အသစ်များနှင့် ချိတ်ဆက်နိုင်စေပြီး၊ မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့ တိုး၍ ပို့နိုင်စေမည်ဖြစ်သည်။

အဆိုပါ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ အကျိုးလိုလားသူများပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို နယူးဇီလန်နိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံများ၏ အစိုးရများက ပူးတွဲထောက်ပံ့ထားပါသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ သက်ဆိုင်သူများနှင့်အတူ ကမ္ဘာ့အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စံချိန်စံညွှန်းသတ်မှတ်ရေး ထိတ်တန်းအဖွဲ့အစည်းများဖြစ်သည့် GLOBALG.A.P.၊ Fairtrade၊ FSSC22000 နှင့် Global Food Safety Initiative (GFSI) စသည်တို့မှ နိုင်ငံတကာ ပညာရှင်များ အပါအဝင် ၇၀ ဦးခန့် တက်ရောက် ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးပွဲတက်ရောက်ခဲ့ကြသည့် ပြည်တွင်းသက်ဆိုင်သူများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ လွှတ်တော် ကိုယ်စားလှယ် များ၊ မြန်မာနိုင်ငံစိုက်ပျိုးရေးစားသောက်ကုန်ကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာ ရင်းနှီး မြှုပ်နှံသူများ၊ စားသောက်သူဆိုင်ရာအဖွဲ့များ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများမှ တာဝန်ရှိသူများပါဝင်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူအစား အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်က တက်ရောက်လာသူများ အား အဖွင့်အမှာစကားပြောကြားရာတွင် "တန်ဖိုးမြင့်စိုက်ပျိုးရေးထွက်ကုန်များအတွက် ဈေးကွက်ကို ချိတ်ဆက်ထိုးဖောက်သွားနိုင်ရန် မြန်မာနိုင်ငံသည် နိုင်ငံတကာတွင် ကျယ်ကျယ် ပြန့်ပြန့်ကျင့်သုံးနေသော နိုင်ငံတကာစံချိန်စံညွှန်းများကို ချမှတ်လုပ်ကိုင်သွားရန် သံဓိဋ္ဌာန်ချ ထားကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသော ၄င်း၏အမှာစကားတွင် အခြေခံစိုက်ပျိုးရေး ထုတ်လုပ်မှု တွင် ကမ္ဘာပေါ်တွင် ထိတ်တန်း အစားအသောက်များ ဘေးအန္တရာယ် ကင်းရှင်းရေး စံချိန်စံညွှန်းအဖြစ် အသိအမှတ်ပြုခံရသည့် GLOBAL G.A.P ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Dr. Kristian Moeller က "*GLOBALG.A.P. သည် GLOBALG.A.P. Academy ကို မြန်မာနိုင်ငံတွင် တည်ထောင်ဖွင့်လှစ်နိုင်ရေး စဉ်းစားသွားမည်ဖြစ်ကြောင်း။ Academy တည်ထောင်ခြင်းအားဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များ အတွက် မြန်မာနိုင်ငံအား ယုံကြည်အားကိုးလို့ရနိုင်သည့် အစားအစာထုတ်လုပ်သူ နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိ စေမည့် အစားအသောက်များ ဘေးကင်းရေးနှင့် အရှည်သဖြင့်ဖွံ့ဖြိုးမှုကို အားပေးသည့် ယဉ်ကျေးမှုတစ်ရပ် တည်ဆောက်နိုင်ရန်ရန် အထောက်အပံ့ပြုနိုင်မည် ဖြစ်သည်။*

တက်ရောက်လာသူများသည် FSSC22000 ဥက္ကဌလည်း GFSI ၏ ယခင်ဥက္ကဌလည်းဖြစ်သူ Fons Schmid အပါအဝင် အခြားကျွမ်းကျင်သူများနှင့် ကော်ဖီ၊ ဆန်၊ သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်များအပါအဝင် စိုက်ပျိုးရေးထွက်စားကုန်အမျိုးမျိုး၏ အရည်အသွေးစံချိန်စံညွှန်းများ တိုးတက်လာရေးအတွက် ဆောင်ရွက် လျက်ရှိကျသော ပြည်တွင်းနှင့် နိုင်ငံခြားကုမ္ပဏီများ၏ ဆွေးနွေးချက်များကိုလည်း လေ့လာသိရှိခွင့် ရရှိကြသည်။

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသူများသည် ဈေးကွက်သစ်များကို ချိတ်ဆက်နိုင်ရန်အလို့ငှာ အသိအမှတ်ပြု ထားသည့် နိုင်ငံတကာစံချိန်စံနှုန်းများနှင့် ၄င်းတိုဖာသာ၄င်းတို့ ကိုက်ညီအောင် ဦးတည်က ရည်မှန်းချက်ထား ဆောင်ရွက်နေသည့် မြန်မာနိုင်ငံရှိစိုက်ပျိုးရေး ထွက်ကုန်များ ထုတ်လုပ်သူများ၏ အရေးပါပုံကို အလေးထား ဆွေးနွေး သည်။ MCRB၏ ညွှန်ကြားရေးမှုးဖြစ်သူ Vicky Bowman က "ရှိပြီးသားအခြေခံအချက်များကို ထပ်နေခြင်းမျိုးအဖြစ်စေရန် ပြန်လည် လုပ်ဆောင်ရန် မလိုကြောင်း" ပြောကြားသည်။ "*GlobalG.A.P.၊ FSSC22000 နဲ့ FairTrade USA တို့ဟာ နိုင်ငံတကာ စားသောက်ကုန် လုပ်ငန်းများနဲ့ လက်လီလက္ကား ရောင်းချသူများက အစားအသောက် ဘေးကင်းရေး၊ ရေရှည်ဖွံ့ဖြိုးရေးနဲ့ ခြံငုံ၍ တာဝန်ယူမှုရှိသော* ကုန်ကြမ်း ထုတ်လုပ်ဝယ်ယူသုံးစွဲမှု အဓိကစံနှုန်းများအဖြစ် *ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားပါတယ်။"*

PRIME Holdings ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Kenneth Shein ကလည်း "*ဒီစံချိန်စံနှုန်းတွေကို ကျွန်တော်တို့ရဲ့ အသေးစားလုပ်ကိုင်သူများနှင့် စိုက်ပျိုးရေး အစားအသောက်ထုတ်လုပ်သည့် လုပ်ငန်းတစ်လျောက်မှာ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရေးသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံကို ဆွဲဆောင်နိုင်ရန်နှင့် တန်ဖိုးမြင့် ဈေးကွက်များကို ချိတ်ဆက်သွားနိုင်ရန် လမ်းပွင့်ရေးအတွက် အဓိကကျသည့် အချက်တစ်ချက်ဖြစ်ပါတယ်"* ဟု ပြောကြားသည်။

*"အဆိုပါ အရေးကြီးသည့် ခြေလှမ်းများသည် ပြည်တွင်းစားသုံးသူများအတွက် အကျိုးရှိရုံသာမက နိုင်ငံခြားငွေ ရရှိမှုကိုလည်း တိုးမြင့်စေပါတယ်။ ထို့အပြင် အဆိုပါ အချက်များသည် လူထုအား ဝင်ငွေတိုးတက်လာစေသလို ကျွန်ုပ်တို့ရဲ့ ၇၀ ရာခိုင်နှုန်းသော ပြည်သူများနေထိုင်ပြီး စိုက်ပျိုးရေးနှင့် ဆက်စပ်လုပ်ငန်းများတွင် လုပ်ကိုင်ကြသော မြန်မာနိုင်ငံရှိကျေးလက်ဒေသများ လူနေထိုင်မှု ဘဝများ ကောင်းမွန်တိုးတက်လာရေးကို ဖြစ်စေပါတယ်"*

## နောက်ခံအချက်အလက်များ

၁။ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားအစီအစဉ်၊ တင်ဆက်သွားသည်များနှင့် အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာကို www.mcrb.org.mm တွင် ဝင်ရောက် ကြည့်ရှု ရယူနိုင်ပါသည်။

၂။ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြု ဌာနသည် ယူကေအခြေစိုက် Institute for Human Rights and Business (IHRB) နှင့် ဒိန်းမတ်လူ့အခွင့်အရေးအဖွဲ့ DIHR တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွဲ့စည်းထားသည့် ရန်ကုန်အခြေစိုက် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ယူကေ၊ ဒိန်းမတ်၊ နော်ဝေ၊ ဆွစ်ဇာလန်၊ နယ်သာလန်နှင့် အိုင်ယာလန်တို့က ရန်ပုံငွေများ ထောက်ပံ့ပေးထားသည်။ တာဝန်ယူမှု ပိုရှိသော စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး အသိပညာ၊ စွမ်းဆောင်ရည်နှင့် စကားဝိုင်းများဖန်တီးရန်အတွက် ထိရောက်မှုရှိပြီး တရားဝင်မှုရှိသော လမ်းကြောင်းတစ်ခု ပေါ်ထွန်းစေရန် ဌာနကို ၂၀၁၃ ခုနှစ်တွင် ထူထောင်ခဲ့ခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဖက် လူ့အဖွဲ့အစည်း၊ အစိုးရတို့နှင့် အတူ ဘက်လိုက်မှုမရှိဘဲ လုပ်ကိုင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။

၃။ PRIME Agri Limited သည် စင်္ကာပူအခြေစိုက် PRIME Holdings Pte Ltd က တစ်ဦးတည်း ပိုင်ဆိုင်သည့် လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူ၊ အကောင်အထည်ဖော်လုပ်ဆောင်သူနှင့် အစားအသောက် အွန္တရာယ်ကင်းရှင်းရေးနှင့် အရည်သဖြင့် တည်တံ့သည့် ဖွံ့ရေးအတွက် လိုက်နာရမည့် အချက်များနှင့် ဆက်လျှင်း၍ မြန်မာနိုင်ငံရှိ အားလုံးချိတ်ဆက်ပါဝင်သည့် စိုက်ပျိုးရေးနှင့် အစားအသောက်လုပ်ငန်းလုပ်ဆောင်သူအဖြစ်လည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။


ဆက်သွယ်ရန်

ဝေဖြိုးမြင့်၊ MCRB

**Email: info@myanmar-responsiblebusiness.org**